ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန
အကောက်ခွန်ဦးစီးဌာန

# အကောက်ခွန်သတင်းလွှာ

အတွဲ ၇ ၊ အမှတ် ၂ ၂၀၂၂ ခုနှစ် ၊ ဇန်နဝါရီလ ၁ ရက်

## အကောက်ခွန်ဦးစီးဌာန ၊ ဇေယျာသီဟခန်းမတွင် ပြုလုပ်ခဲ့သော ၂၀၂၁ - ၂၀၂၂ ခုနှစ် နှစ်သစ်ကူးပဌာန်းပူဇော်ပွဲ အခမ်းအနား




အကောက်ခွန်ဦးစီးဌာန ၊ ၂၀၂၁ - ၂၀၂၂ နှစ်သစ်ကူးပဌာန်းပူဇော်ပွဲကို ရန်ကုန်ရုံးချုပ်တွင် (၃၁.၁၂.၂၀၂၁) ရက်နေ့ (၁၆:၀၀) နာရီအချိန်မှ (၁.၁.၂၀၂၁)ရက်နေ့ နေ့လည် (၁၂:၀၀) အချိန်ထိ ကျင်းပ ပြုလုပ်ခဲ့ပါသည်။ အခမ်းအနားတွင် သံဃာတော်များပင့်ခြင်း၊ ပဌာန်းရွတ်ဖတ်ပူဇော်ခြင်း ၊ အာရုဏ်ဆွမ်းကပ်လှူခြင်း ၊ အန္တရာယ်ကင်းပရိတ်ပူဇော်ခြင်း နှင့် နေ့လည်ဆွမ်းကပ်လှူခြင်းတို့ ပါဝင်ပါသည်။ သံဃာတော်များပင့်ဖိတ်၍ ပဌာန်းရွတ်ဖတ်ပူဇော်ခြင်းကို အကောက်ခွန်ဦးစီးဌာန ရုံးချုပ် ဘုရားခန်းတွင် ရဟန်းသံဃာတော် (၈) ပါးမှ တစ်ပါးလျှင် မိနစ် (၃၀) စီအလှည့်ကျ ပဌာန်း ရွတ်ဖတ်ပူဇော်ခဲ့ပါသည်။




(၁.၁.၂၀၂၂) ရက်နေ့ နံနက်ပိုင်းတွင် ရဟန်းသံဃာတော် (၈)ပါးကို အာရုဏ်ဆွမ်းကပ်လှူခြင်း ၊ (၀၉:၀၀) အချိန်တွင်မင်းကွန်းကျောင်းတိုက်မှ နာယကဆရာတော်ကြီးအား ပင့်ဖိတ်၍ ပဋ္ဌာန်းပူဇော်သော သံဃာတော်များ အပါအဝင် စုစုပေါင်း ရဟန်းသံဃာတော် (၉)ပါး မှ အန္တရာယ်ကင်းပရိတ်တရားရွတ်ဖတ်ပူဇော်ခြင်း ၊ နေ့လည်ဆွမ်းကပ်လှူခြင်းနှင့်ပဋ္ဌာန်းအောင်ပွဲအလှူအား ဌာနခွဲများမှ နဝကမ္မအလှူငွေများလှူဒါန်းခြင်းဖြင့် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။






# အဆင့်စုံဝန်ထမ်းများမှ ဒု-အကောက်ခွန်မှူး ရာထူးသို့ ခန့်ထားရေး အရည်အချင်းစစ် ရေးဖြေစာမေးပွဲ ကျင်းပခြင်း





အကောက်ခွန်ဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒု-အကောက်ခွန်မှူး ရာထူးနေရာသို့ ခန့်ထားနိုင်ရေးအတွက် အဆင့်စုံဝန်ထမ်းများ၏ အရည်အချင်းစစ်စာမေးပွဲကို ရန်ကုန်ရုံးချုပ်နှင့် သင်တန်းကျောင်းတို့တွင် (၁၈.၁၂.၂၀၂၁) ရက်နေ့ မှ (၂၀.၁၂.၂၀၂၁) ရက်နေ့ အထိ ကျင်းပပြုလုပ်ခဲ့ပါသည်။

ဒု-အကောက်ခွန်မှူး ရာထူးသို့ ခန့်ထားနိုင်ရေးအတွက် ဆန်းစစ်စာမေးပွဲတွင် ဌာနဆိုင်ရာဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်၊ အထွေထွေဗဟုသုတဘာသာရပ် နှင့် ကွန်ပျူတာဘာသာရပ်တို့ကို ဖြေဆိုရပြီး အဆင့်စုံဝန်ထမ်း စုစုပေါင်း (၂၆၈) ဦးမှ ဖြေဆိုခဲ့ကြပါသည်။





# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၅၄၂.၂၃၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ၊ လေဆိပ်ကုန်လှောင်ရုံ ၊ ဆိပ်ကမ်း ၊ အထူးကင်း ၊ ရန်ကုန်စာတိုက်နှင့် အကောက်ခွန်နယ်မြေဒေသ အသီးသီးတို့တွင် တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိဘဲ တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးရာဖွေ တားဆီးအရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာလ(၁) ရက်နေ့ မှ (၃၁) ရက်နေ့ အထိ စုစုပေါင်း တားဆီး/ဖမ်းဆီးမှုမှာ (၉၁) မှုဖြစ်ပြီး ခန့်မှန်းတန်ဖိုးမှာ ကျပ် (၃၅၄၂.၂၃၃) သန်းခန့်ဖြစ်ပါသည်။

## ရန်ကုန် တားဆီး/ဖမ်းဆီးမှု

Riway Myanmar Trading Co.,ltd မှ Flight No. 8M-232/18 ဖြင့် စင်္ကာပူနိုင်ငံမှ ရန်ကုန်လေဆိပ် ကုန်လှောင်ရုံသို့ (၁၈.၈.၂၀၂၁) ရက်နေ့တွင် ရောက်ရှိလာသော ကုန်ပစ္စည်းများအား (၉.၁၂.၂၀၂၁) ရက်နေ့တွင် လေဆိပ်ကုန်လှောင်ရုံ အကောက်ခွန်အဖွဲ့မှဖွင့်ဖောက်စစ်ဆေးခဲ့ရာ FDA ထောက်ခံစာ မတင်ပြနိုင်သော Putier Placenta Sixth Edition (1x60 bio soft gel)(21600 U) ခန့်မှန်းတန်ဖိုးကျပ် (၁,၉၂၅,၆၄၀,၀၀၀/-) ကို စစ်ဆေးတွေ့ရှိခဲ့သဖြင့် ပိုင်ရှင်ဖြစ်သူမှ စွန့်လွှတ်ကြောင်း လျှောက်ထားလာသောကြောင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီတားဆီးခဲ့သောအမှု ဖြစ်ပါသည်။






# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၅၄၂.၂၃၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

## ရန်ကုန် တားဆီး/ဖမ်းဆီးမှု

(၂၉.၁၂.၂၀၂၁) ရက်နေ့ AWPT ဆိပ်ကမ်းတွင် ညွှန်ကြားရေးမှူး (စစရ)၏လမ်းညွှန်မှုဖြင့်စုံစမ်းစစ်ဆေးရေးနှင့်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဌာနခွဲ၊ စောင့်ကြည့်ဌာနစိတ်မှ သတင်းပေးချပြမှုအရ Myanmar Longray Co.,Ltd မှတင်သွင်းပြီး Lucky Star Agecny မှ ရှင်းလင်းထုတ်ယူဆောင်ရွက်သည့် ID No. 100192145540 (23.12. 2021)ကို ဆိပ်ကမ်း တာဝန်ကျ (ကာကွယ်ရေး) ဝန်ထမ်းများနှင့် (စစရ) ဝန်ထမ်းများက ဖွင့်ဖောက်စစ်ဆေးခဲ့ရာ ID တွင် ကြေညာထားခြင်းမရှိသည့် Motorcycle S/P (10) Items နှင့် Network Camera (4) Items စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၂၇,၇၇၅,၀၀၀/-) တို့အား စစ်ဆေးတွေ့ရှိခဲ့သဖြင့် တားဆီးခဲ့သောအမှု ဖြစ်ပါသည်။













## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၅၄၂.၂၃၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေ တားဆီး/ ဖမ်းဆီးမှု



(၂၃.၁၂.၂၀၂၁) ရက်နေ့တွင် (၁၆) မိုင် ကျောက်ချော စစ်ဆေးရေးစခန်း တာဝန်ကျ အကောက်ခွန်အဖွဲ့နှင့်မူးယစ်တပ်ဖွဲ့တို့မှ ပူးပေါင်း၍ အတက်ယာဉ်စစ်ဆေးမှုများ ဆောင်ရွက်နေစဉ် မန္တလေးဘက်မှ လားရှိုးသို့ သွားရောက်မည့် Man Tractor Head & Trailer ယာဉ်ပေါ်တွင် ဘိလပ်မြေများ ဖုံးအုပ်၍ တင်ဆောင်လာသည့် Toluene ဟု ယူဆရသော ပေပါ (1Drum=200 Liter) (80 Drums) ခန့်မှန်းတန်ဖိုး ကျပ် (၁၂၈,၀၀၀,၀၀၀/- ) အား စစ်ဆေးတွေ့ရှိခဲ့သဖြင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းအရ အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။



## အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၅၄၂.၂၃၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

### နယ်မြေ တားဆီး/ ဖမ်းဆီးမှု










(၁၉.၁၂.၂၀၂၁) ရက်နေ့တွင် သံလွင်မြစ်ကူးတံတား တာကော်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များတာဝန်ထမ်းဆောင်နေစဉ် တာချီလိတ်မြို့မှတောင်ကြီးမြို့သို့ ထွက်ခွာလာသည့် Nissan UD (၁၂) ဘီး ယာဉ်အား စစ်ဆေးခဲ့ရာ တရားဝင်တင်သွင်း/တင်ပို့ခွင့် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော iPhone 11 (၁၀) လုံး၊ iPhone 13 Pro Max (၇၀) လုံး၊ MacBook Pro (၁၁) လုံး နှင့် MacBook Air (၂၂) လုံး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးကျပ် (၁၃၉,၅၀၀,၀၀၀/-) အား စစ်ဆေးတွေ့ရှိခဲ့သဖြင့် အကောက်ခွန်လုပ်ထုံးလုပ်နည်းအရ အမှုတွဲဖွင့်လှစ်၍ တားဆီးခဲ့ပါသည်။

# အကောက်ခွန်ဦးစီးဌာနမှ ၂၀၂၁ ခုနှစ် ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းတန်ဖိုး ကျပ် (၃၅၄၂.၂၃၃) သန်းခန့်ရှိသည့် အကောက်ခွန်မဲ့ပစ္စည်းများ ဖမ်းဆီးရမိခြင်း

**ထူးခြား ဖမ်းဆီး/တားဆီးမှု**



ထူးခြားဖမ်းဆီး/တားဆီးမှု အနေဖြင့် ၂၀၂၁ ခုနှစ် ၊ ဒီဇင်ဘာ (၈) ရက်နေ့တွင် မော်လမြိုင်မြို့ မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မန္တလာမင်း Express ယာဉ်အား မရမ်းချောင်အမြဲတမ်းစစ်ဆေးရေး စခန်း တာဝန်ကျ ပူးပေါင်းအဖွဲ့မှ တားဆီးစစ်ဆေးရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်း တစ်စုံ တစ်ရာ တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ကုန်ပစ္စည်းများဖြစ်သည့် ယောကျ်ားဝတ်ဓါတ်ခဲနာရီ မျိုးစုံ (700) U ၊ ခန့်မှန်းတန်းဖိုးကျပ် (၃,၅၀၀,၀၀၀/-) အား စစ်ဆေးတွေ့ရှိခဲ့သဖြင့် အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ တားဆီးခဲ့သောအမှု ဖြစ်ပါသည်။



